


# လျှင်ဘေးကြောင့်ထိခိုက်ဆုံးရှုံးမှုအခြေအနေအစီရင်ခံစာ (အမှတ်စဉ်-၅)

## ၂၀၂၅ခုနှစ်၊ ဧပြီလ ၄ ရက်

## ဖြစ်စဉ်အကျဉ်းချုပ်

လျှင်ဒဏ်ကို အဆိုးဆုံးခံစားခဲ့ရသည့် စစ်ကိုင်းနှင့်မန္တလေးတို့တွင် ငွေကြေးထောက်ပံ့မှုများရှိသော်လည်း အစား အစာ ဝယ်ယူနိုင်ရန် ဈေးများဖွင့်လှစ်နိုင်ခြင်းမရှိသည့်အတွက် ကုန်စည်များရှားပါးခြင်းနှင့် ဈေးကြီးပေးဝယ်ရ ခြင်းတို့ ကြုံတွေ့ရသည်။ ပျက်စီးသွားသည့် အဆောက်အအုံများကို ဖြိုချနိုင်ရန် ငွေကြေးအဆမတန် တောင်းခံမှု များရှိနေခြင်းကြောင့် ဘေးသင့်ဒေသခံများသည် အပျက်အစီးပုံများကို မရှင်းလင်းနိုင်ဘဲ ဖြစ်နေကြရသည်။ အုတ်ခဲကျိုးများနှင့် အပျက်အစီးများ ရှင်းလင်းနိုင်ရန် ဝန်ချီစက်နှင့် ယာဉ်များ ငှားရမ်းအသုံးပြုနိုင်ရေးအတွက် ငွေသားထောက်ပံ့မှုများလည်း လိုအပ်လျက်ရှိသည်။ ယာယီနေရာချထားမှုများကို စနစ်တကျ မဆောင်ရွက် နိုင်သည့်အတွက် လုံခြုံရေး၊ ကျန်းမာရေးနှင့် အခြားသော နောက်ဆက်တွဲပြဿနာများကို စိုးရိမ်နေကြသည်။ အကူအညီပေးရေး အဖွဲ့များအနေဖြင့် ဘေးသင့်ပြည်သူလူထုကို စနစ်တကျ အကူအညီ ဖြန့်ဝေနိုင်မည့် နည်းလမ်းများ (လူစီတန်း ရယူနိုင်မည့် အရိပ်ရသည့်နေရာမျိုးတွင် ဖြန့်ဖြူးပေးခြင်း)ဖြင့် ကူညီထောက်ပံ့ပေးရန် လိုအပ်လျက်ရှိသည်။ လူသားချင်း စာနာကူညီမှုဆိုင်ရာ အဖွဲ့အစည်းအသီးသီးအနေဖြင့် အရေးပေါ်ကာလအပြင် ကာလလတ်အနေဖြင့်

ဈေးကွက်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက်ပါ ကြိုတင် ပြင်ဆင် စီမံထားသင့်ပါသည်။

## လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာနက ၄-၄-၂၀၂၅ ရက်နေ့အထိ ထောက်ပံ့မှုများ

| စဉ် | အကြောင်းအရာ | ပမာဏ |
|---|---|---|
| ၁။ | အလှူငွေရရှိမှု | ၁,၈၅၉,၃၂၆,၆၀၅ကျပ် |
| ၂။ | ထောက်ပံ့ပြီး တိုင်း/ ပြည်နယ် | ၅ |
| ၃။ | ထောက်ပံ့ပြီး မြို့နယ် အရေအတွက် | ၂၄ |
| ၄။ | ထောက်ပံ့ပြီး အိမ်ထောင်စု | ၃၀၁၁ |
| ၅။ | ထောက်ပံ့မှုစုစုပေါင်း | ၁,၂၀၀,၀၂၆,၀၀၀ကျပ် |

## ဘေးသင့်ဒေသခံများ၏လိုအပ်ချက်များနှင့် စိုးရိမ်ကြောင့်ကြမှုများ


"သန့်ရှင်းရေးအားနည်း၊ ဝမ်းရောဂါတွေဖြစ်မှာ စိုးရိမ်နေရတယ်။ အဆောက်အအုံတွေကို ဖြိုချဖျက်ဆီးဖို့ ငွေကြေးအဆမတန် တောင်းခံနေတာတွေကြုံနေကြရတယ်။ ကိုယ့်အိမ်မှာကိုပြန်မနေရဲတာကို ဖိအားပေးပြီး ပြန်နေခိုင်းမှာ စိုးရိမ်နေရတယ်။ ခိုးမှုတွေ၊ ဒုစရိုက်မှုတွေ ဖြစ်နေလို့ တဘက်မှာ လုံခြုံရေးကိုလည်း စိုးရိမ်ပူပန်မိတယ်။"

**(ဒေသခံ၊မန္တလေးမြို့)**

"မေမြို့မှာ လားရှိုးနဲ့ နောင်ချိုဘက်က စစ်ဘေးဒုက္ခသည်တွေရော မန်းလေးက ငလျင်ဘေးဒုက္ခသည်တွေရော ရောက်နေကြတော့ မြို့က လက်ခံနိုင်တာထက် ပိုလျှံထွက်နေပြီ။ မြို့ထဲမှာ အိမ်နေရာငှားဖို့တောင်မလွယ်တော့ သလို မန်းလေးက ကြေးရတတ်တွေနဲ့ လူလတ်တန်းစားတွေကလည်း မေမြို့ကိုတက်လာကြတယ်။ ကောလာဟလတွေကလည်း ပျံ့နေတော့ နဂိုရောဂါအခံရှိသူတွေ စိတ်ဖိစီးမှုတွေ ပိုများပြီး ကျန်းမာရေးဆိုးရွားတာတွေ ဖြစ်ကြတယ်။"

**(ဒေသခံ၊ပြင်ဦးလွင်)**

## မန္တလေးတိုင်းအတွင်း လျှောက်ကြောင့် လူသေဆုံးမှုများ




"တောင်ငူမြို့နယ်မှာတော့ ဒေသခံ ပရဟိတ အဖွဲ့တွေ အများအပြားရှိတာမလို့ ရေရရှိရေးအတွက် မီးစက်နဲ့ တအိမ်ဝင်တအိမ်ထွက် ရေလိုက်တင်ပေးတာမျိုး ဆေးရုံပေါ်ကလျှောင်ထိခိုက်လူနာများကို ထမင်း/ဟင်း ပို့ပေးတာမျိုးတွေ လုပ်ဆောင်နေကြပါတယ်ရှင်။ တောင်ငူမြို့နယ် ကြက်ခြေနီကလည်း စာရင်းလိုက်လံကောက်နေတာမျိုးတွေ တွေ့ရပင်မဲ့ သူတို့ဆီက ကူညီထောက်ပံ့မှုတော့မရသေးပါဘူးရှင်။"

**(ဒေသခံ၊တောင်ငူ)**

"စစ်တပ် ထိန်းချုပ်ထားတဲ့နေရာတွေတောင် လာလှူတဲ့အဖွဲ့တွေရှိတယ် မကြားမိဘူး။ တော်လှန်ရေး အင်အားစုတွေ ထိန်းချုပ်ထားတဲ့ နေရာတွေမှာတော့ အုပ်ချုပ်ရေးအဖွဲ့နဲ့ PDF တွေက ဆေးကုပေးတာ၊ ပျက်စီးတာတွေဝိုင်းကူပြင် ပေးတာ၊ ပစ္စည်းတွေ ရွှေ့ပြောင်းပေးတာမျိုးတွေတော့ လုပ်ပေးကြပါတယ်။"

**(ဒေသခံ၊ထန်းတပင်)**

"အုတ်တွင်းမြို့နယ်မှာက မြို့ပေါ်တွေထက် မြစ်ကမ်းပါးဘေးက ရွာတွေက ပိုထိခိုက်ပါတယ်။ အခုက ပျက်စီးသွားတဲ့အိမ်တွေကို ဖျက်နေကြတယ်။ ပြန်ဆောက်လို့အဆင်ပြေတဲ့နေရာတွေမှာ ပြန်ဆောက်ဖို့ပြင်နေကြတယ်ခင်ဗျ။ တချို့မြေတွေကပြန်ဆောက်လို့အဆင်မပြေတော့ ယာယီတဲပုံစံမျိုးအဆင်ပြေသလိုလေးတွေ လုပ်နေကြပါတယ်။"


**(ဒေသခံ၊အုတ်တွင်း)**

"ဘယ်အဖွဲ့အစည်းမှမလာပါ။ လာလည်းမလာရဲကြပါ။ စစ်တောင်းမြစ်အနောက်ခြမ်းက ကျမတို့ဆီကကျေးရွာ ၅ ရွာမှာ ရေတွင်း ၄၉ ခုက ရေလုံးဝမထွက်တော့ပါဘူး။ မြို့ပေါ်မှာအဖွဲ့အစည်းတချို့လှူဒါန်းတာမျိုး ကြားရပေမယ့် ကျမတို့ဆီမှာ

ဘယ်သူကမှာလာလှူတာမျိုးမရှိပါဘူး။ နေအိမ်တွေကလည်း တလုံးမှနေမရတော့ဘူး။ မြို့ပေါ်ကလှူချင်တဲ့သူတွေတောင် စစ်တပ်က မှတ်ထားပြီး ဒုက္ခပေးမှာစိုးလို့ မလှူရဲကြဘူး။”

**(ကျေးရွာနေဒေသခံ၊ဖြူး)**


**ပဲခူးတိုင်းအတွင်း လျှင်ကြောင့် လူသေဆုံးမှုများ**




“စစ်ကိုင်းမြို့ပေါ်မှာသာထောက်ပံ့မှုတွေ၊အလှူရှင်တွေရှိပေမယ့် စိုးမိုးထိန်းချုပ်ဒေသတွေကို လာလှူတဲ့အဖွဲ့အစည်း မရှိသေးပါဘူး။ ဒေသခံတွေကပဲအချင်းချင်း ကူညီထောက်ပံ့တာတွေ လုပ်နေရပါတယ်။ တချို့ချိတ်ဆက်တဲ့ အဖွဲ့အစည်းတွေကလည်း စစ်တပ်ထိန်းချုပ်နယ်မြေထဲကို လာယူခိုင်းတာမျိုးဖြစ်လို့ လုံခြုံရေးအန္တရာယ်ရှိပါတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေက လာထောက်ပံ့တာမျိုးလည်း မရှိပါဘူး။”

**(ကျေးရွာနေဒေသခံ၊စစ်ကိုင်း)**


**စစ်ကိုင်းတိုင်းအတွင်း လျှင်ကြောင့် လူသေဆုံးမှုများ**



"ပျဉ်းမနားမြို့မှာ လျှော်ဘေးသင့် ပြည်သူတွေနေဖို့ ယာယီစခန်းမရှိပါဘူး။ ငွေကြေးတတ်နိုင်သူတွေက အိမ်ငှားနေတယ်။ တချို့က အမျိုးတွေအိမ်မှာနေကြတယ်။ နေပြည်တော်က ဝန်ထမ်းတွေလည်း ရုံးဝင်းတွေထဲမှာပဲ ယာယီတဲတွေနဲ့ နေကြတယ်။ လောလောဆယ် အားသွင်းနိုင်တဲ့ ဆိုလာမီးအိမ်တွေ၊ ရေသယ်ဖို့၊ ရေထည့်ထားဖို့ ရေပုံးတွေနဲ့ တာပေါ်လင်စ တွေ လိုအပ်နေပါတယ်။

**(ဒေသခံ၊ ပျဉ်းမနား)**


## နေပြည်တော်ကောင်စီအတွင်း လျှော်ကြောင့် လူသေဆုံးမှုများ




"လက်ရှိအရေးပေါ် လိုအပ်တာ ဆန်၊ ဆီ၊ ကြက်ဥလို စားစရာတွေ၊ ရေသန့်၊ ခြင်ထောင်တွေလိုပါတယ်။ ကလောဖက်ကို အနည်းအကျဉ်းပို့နိုင်ပေမယ့် အင်းထဲကတော့ ပိုလိုအပ်ပါတယ်။ အဓိကတောင်ကြီးမှာရှိတဲ့ အဖွဲ့တွေကပဲ ကူညီထောက်ပံ့ပေးနေကြပါတယ်။"

**(ဒေသခံ၊ရှမ်းတောင်)**

## ရှမ်းတောင်ဒေသတွင် လျှော်ကြောင့် လူသေဆုံးမှုများ



## For more information

1.Ministry of Humanitarian Affairs and Disaster Management (Email: mohadm@nugmyanmar.org)

2.Ministry of Foreign Affairs (Email: mofa@nugmyanmar.org )

3.Press office Team (Signal: (+1) 332-240-3557 / Email: pst@nugmyanmar.org )